# မြန်မာစာပေအဘိဓာန်ညွှန်း

၁ ။ ။ ဤကျမ်းသည် အဘိဓာန်ကျမ်းလည်း ဖြစ်သည်။ စွယ်စုံကျမ်းလည်း ဖြစ်သည်။

၂ ။ ။ ဤကျမ်းပါ အကြောင်းရပ်များကို အက္ခရာစဉ်ရာတွင် **တက္ကသိုလ် မြန်မာအဘိဓာန်နှင့် မြန်မာ့စွယ်စုံကျမ်း**
အက္ခရာစဉ် ဇယားကိုယူပါသည်။ အက္ခရာစဉ်ဇယားကို သီးခြားဖော်ပြထားပါသည်။

၃ ။ ။ ဤကျမ်းတွင် စာရေးဆရာများ၏ အမည်ကို အက္ခရာစဉ်ရာ၌ အောက်ပါအတိုင်း စဉ်ပါသည်။

(က) မိမိကိုယ်တိုင် အမည်ခံခြင်းမဟုတ်ဘဲ မင်းပေးဘွဲ့နှင့်ယှဉ်၍ ထင်ရှားသော စာရေးဆရာများကို အမည်ရင်းဖြင့် စဉ်ပါသည်။

ပုံစံ ။ ။ **ကင်းဝန်မင်းကြီး ဦးကောင်းကို ကောင်း၊ ဦး (ကင်းဝန်မင်းကြီး)** ဟုစဉ်ပါသည်။ သို့သော် အမည်ရင်း ရှာမရသော ပုဂ္ဂိုလ်များကိုကား ထင်ရှားပြီး မင်းပေးဘွဲ့ဖြင့်ပင် စဉ်ပါသည်။

ပုံစံ ။ ။ **နဝဒေးကြီး**

(ခ) အရပ်ခေါ် အများသိထင်ရှားပြီး အမည်များကိုလည်း အမည်ရင်းဖြင့်သာ စဉ်ပါသည်။

ပုံစံ ။ ။ **မောင်းထောင် ဦးကျော်လှကို ကျော်လှ၊ ဦး (မောင်းထောင်)** ဟုစဉ်ပါသည်။

(ဂ) အရပ်ခေါ်အများသိ ထင်ရှားပြီးရဟန်းတော်တို့၏ အမည်များအတွက် ဘွဲ့အမည်ကို အဓိက ခေါင်းထား၍ စဉ်ပါသည်။

ပုံစံ ။ ။ **ကျည်းကန်ရှင်ကြီး ကို နန္ဒမေဓ၊ ရှင်** ဟု စဉ်ပါသည်။

(ဃ) ကလောင်အမည် ခံယူထားသော စာရေးဆရာများကို ကလောင်အမည်အဖြောင့်အတိုင်း စဉ်ပါသည်။

ပုံစံ ။ ။ **ဂျာနယ်ကျော်မမလေး ကေတီ ဦးကျော်တင့်** စသည်။

(င) သို့သော် ကလောင်အမည်ခွဲများဖြင့် ရေးသောစာရေးဆရာများအတွက် သက်ဆိုင်ရာ စာရေးဆရာများ၏ အကြောင်းအရာစုံကို ပင်မကလောင်အမည် ခေါင်းအောက်တွင် ဖော်ပြပြီး ကလောင်အမည်ခွဲ ခေါင်းအောက်၌ သက်ဆိုင်ရာကလောင်အမည်ခွဲနှင့် ပတ်သက်သည်တို့ကိုသာ ဖော်ပြပါသည်။



ပုံစံ ။ ။ **ကျော်ဓော၏အကြောင်းအရာစုံကို တင့်တယ် တွင် ရှုရပါမည်။ ကျော်ဓော** အောက်၌ ကျော်ဓောအမည်ဖြင့်ပြုစုသည့် စာပေအချို့ကိုသာ ဖော်ပြပါသည်။

(စ) ကလောင်အမည်အပြင် အမည်ရင်းဖြင့်ပါထင်ရှားပါက အမည်ရင်းကို အညွှန်းခေါင်းအဖြစ် စဉ်ပေးပါသည်။

ပုံစံ ။ ။ **ပီမိုးနင်း အတွက် ကျော်၊ ဦး**

(ဆ) တစ်ခါတစ်ရံ ကလောင်အမည်ကို အမည်ရင်းဖြင့်ရောထွေး၍လည်းကောင်း၊ ကလောင်အမည် အဖျားစွတ်၍ မှတ်သားထားသည်များကိုလည်းကောင်း အညွှန်းအဖြစ် ခေါင်းဖော်ပြပါသည်။

ပုံစံ ။ ။ **တက္ကသိုလ် ကြူကြူသင်း အတွက် ကြူကြူသင်း၊ တက္ကသိုလ်**
**မောင်ကျော်သာ အတွက် ကျော်သာ၊ မောင်**

၄ ။ ။ စာအုပ်အမည် ခေါင်းပေးရာတွင် အောက်ပါအတိုင်းအက္ခရာစဉ်ပြီး ပေးပါသည်။

(က) အချို့စာအုပ်များ၏ အမည်သည် စာအုပ်အမည် အပြည့်အစုံ၏ တစ်စိတ်တစ်ပိုင်းသည်သာ ထင်ရှား၏။ ထိုစာအုပ်များအတွက် ထင်ရှားပြီးအမည်ကို အညွှန်းခံ ခေါင်းအဖြစ်စဉ်ပြီး အမည်အပြည့်အစုံကိုသာ ပင်မခေါင်းအဖြစ် စဉ်ပါသည်။

ပုံစံ ။ ။ **အိစွတ်ပုံပြင်များ** (အညွှန်းခေါင်း) **ကမ္ဘာကျော် အိစွတ်ပုံပြင်များ** (ပင်မခေါင်း)

(ခ) အချို့စာအုပ်အမည်များမှာ အမည်နှစ်ခုတွဲနေတတ်သည်။ ထိုအခါ ထင်ရှားပြီးအမည်ကို ပင်မခေါင်းအဖြစ်စဉ်ပြီး အခြားအမည်ကို အညွှန်းခေါင်းအဖြစ် ပေးပါသည်။

ပုံစံ ။ ။ **ကဗျာ့မျက်လုံး၊ ဗျာကရဏ်းခေါ် ကဝိဘာရတီ ကျမ်းအတွက်**
**ကဝိဘာရတီကျမ်း** (ပင်မခေါင်း)
**ကဗျာ့မျက်လုံး ဗျာကရဏ်း** (အညွှန်းခေါင်း)

၅ ။ ။ ဘာသာပြန်နှင့် အမှီးစာအုပ်များအတွက် မူရင်းစာရေးဆရာနှင့် စာအုပ်အမည်များကို အသံလှယ်အမည်ဖြင့်သာပေးပါသည်။ ထိုအသံလှယ်အမည်များကို ဤကျမ်းနောက်ပိုင်းတွင် သီးခြားအက္ခရာစဉ်ပေးထားပါသည်။

၆ ။ ။ စာကိုယ်တွင် (*) ခရေပွင့်ပြများသည် ဆက်လက်လေ့လာနိုင်သော အကြောင်းရပ်အတွက် အညွှန်းဖြစ်သည်။ ကဗျာဟူသော ခေါင်းအောက်တွင် လင်္ကာ* ကို * ပြထားခြင်းဖြင့် 'လ' အောက်တွင် 'လင်္ကာ' ခေါင်းကို ဆက်လက်ရှာဖွေ လေ့လာနိုင်သော သဘောဖြစ်သည်။

အချို့ခေါင်းတို့တွင် "............ရှု။" ဟူသော အညွှန်းပုဒ်ကို တွေ့နိုင်သည်။

ပုံစံ ။ ။ **ကလေးဂျာနယ်** ။ ။ **ခလေးဂျာနယ်** ရှု။ စာလုံးပေါင်းမှုကွဲ၊ အမည်မှတ် မှုကွဲတို့ကို ညွှန်းထားခြင်းဖြစ်သည်။

တစ်ခါတစ်ရံ "............လည်းရှု" ကိုတွေ့နိုင်၏။

ပုံစံ ။ ။ **ချောကလက်ဗိုလ်ကြီးတွင်** ( "လူနှင့်လက်နက်လည်းရှု။") ဟုတွေ့မည်။ "...... လည်းရှု။" အနှိုင်းလေ့လာရေးအတွက် ညွှန်းထားခြင်းဖြစ်၏။